ပဏ္ဍိတာရာမ မဲလ်ဘန်း သာသနာ့ရိပ်သာ
**Panditarama Melbourne Meditation Centre Inc.**
51.Hope Street, Springvale VIC 3171, Australia. Ph: ( 61 3 9574 1816 )
ABN: 60 181 639 630 ACN: A0041523 w

# မြန်မာ့ နှစ်သစ်ကူး ( ၁၀ )ရက် တရားစခန်း

ကလျာဏနွယ်ဝင် သူတော်စဉ် အပေါင်းတို့ ...

ပဏ္ဍိတာရာမ မဲလ်ဘန်း သာသနာ့ရိပ်သာတွင် ၁၆၊၀၄၊၂၀၁၁ ညနေ (၇)နာရီမှ ၂၆၊၀၄၊ ၂၀၁၁ နေ့လည် (၁၂)နာရီအထိ (၁၀)ရက်တရားစခန်းကို ကျင်းပ ပြုလုပ်မည်ဖြစ်ပါသည်။

ထိုတရားစခန်းတွင် ဗုဒ္ဓနည်းကျ ဆဋ္ဌသင်္ဂါယနာ ပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးနှင့် ကျေးဇူးတော်ရှင် ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ဘုရားကြီးတို့ ၏ နည်းနာ နိဿယအတိုင်း သတိပဋ္ဌာန် ဝိပဿနာတရားများကို စာတွေ့ လက်တွေ့ ပေါင်းစပ်ပြီး အင်္ဂလိပ်မြန်မာ နှစ်ဘာသာဖြင့် တရားဟော တရားပြသပေးမည်ဖြစ်ပါသည်။

ပစ္စုပ္ပန် သံသရာ နှစ်ဖြာဘဝ ကောင်းကျိုးရလျက် ကိုယ်စိတ်ငြိမ်းချမ်း နိဗ္ဗာန်နန်းကို လိုလား တောင့်တလျက်ရှိသော တရားချစ်ခင် စိတ်ကောင်းဝင်ကြသည့် သူတော်စဉ်အပေါင်းတို့ သည် ပဏ္ဍိတာရာမ မဲလ်ဘန်း သာသနာ့ရိပ်သာသို့ ကြွရောက်ကာ တရားအားထုတ်နိုင်ပါကြောင်း ပဏ္ဍိတာရာမ ဓမ္မမိသားစု မှ ရိုသေလေးစား ချစ်ခင်သော မေတ္တာအားဖြင့် ဖိတ်ကြားအပ်ပါသည်။

မှတ်ချက်။ ။ အလုပ်များ မအားလပ်၍ (၁၀) ရက် တရားမအားထုတ်နိုင်ပါက မိမိအားလပ်သည့် အချိန်တွင် နေ့ ယောဂီ အဖြစ်ဖြင့်လည်းကောင်း ညယောဂီအဖြစ်ဖြင့်လည်းကောင်း ယောဂီ စည်းကမ်းအတိုင်း လာရောက်အားထုတ်နိုင်ပါသည်။

ဝေယျာဝစ္စ ကုသိုလ်များကိုလည်း မည်သူမဆို လာရောက် ကုသိုလ်ယူနိုင်ပါသည်။

အာရုံဆွမ်း နေ့ ဆွမ်းများကို မိမိတို့ ကိုယ်တိုင် ချက်ပြုတ်၍ တိတ်ဆိတ်စွာဖြင့် လာရောက်လှူဒါန်းနိုင်ပါသည်။

ကိုယ်တိုင် မလာရောက်နိုင်ပါက အာရုံဆွမ်း ဒေါ်လာ ၁၅၀ ၊ နေ့ ဆွမ်း ဒေါ်လာ ၂၀၀ ဖြင့် အဖွဲ့ မှ စီစဉ်ပေးမည် ဖြစ်ပါသည်။

တရားအားထုတ်လိုသူများ ၊ အာရုံဆွမ်း ၊ နေ့ ဆွမ်း ဆက်ကပ်လိုသူများ ဝေယျာဝစ္စ ကုသိုလ်ယူလိုသူများ ....

ပဏ္ဍိတာရာမ သာသနာ့ရိပ်သာ ဖုန်း ၀၃ ၉၅၇၄ ၁၈၁၆

ဒေါက်တာနန်းစီစီဝင်း ဖုန်း ၀၄ ၂၅ ၇၅၄ ၂၅၃ များသို့ ဆက်သွယ် စာရင်းပေးနိုင်ပါသည်။

ယောဂီများ အတွက် ခေါင်းအုံး ၊ အိပ်ယာခင်း ၊ စောင်များကို ရိပ်သာအဖွဲ့ မှ တာဝန်ယူမည်ဖြစ်ပါသည်။ တန်ဘိုးကြီးသော အသုံးအဆောင်များ (လုံးဝ ) မယူလာရပါ ။ ယောဂီဦးရေ အကန့် အသတ်ဖြင့်သာ လက်ခံနိုင်ပါသဖြင့် ကြိုတင် စာရင်းပေးပါရန်။

သက်ရှည် ကျန်းမာ သာသနာပြုနိုင်ကြပါစေ
ပဏ္ဍိတာရာမ ဓမ္မမိသားစု